မကွေးတိုင်း၊ စလင်းမြို့

မဟာဝိသုတာရာမကျောင်းတိုက်၊ ပဓာနနာယက

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ

အဂ္ဂမဟာပဏ္ဍိတ

# စလင်းဆရာတော် ဘဒ္ဒန္တကိတ္တိ

၏

# ထေရုပ္ပတ္တိအကျဉ်း

နှင့်

# အနတ္တလက္ခဏ တရားတော်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၉ ကောဇာ ၁၃၅၇ ခရစ် ၁၉၉၅

၂၃၉၉၉

မကွေးတိုင်း၊ စလင်းမြို့

မဟာဝိသုတာရာမကျောင်းတိုက်၊ ပဓာနနာယက

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ

အဂ္ဂမဟာပဏ္ဍိတ

# စလင်းဆရာတော် ဘဒ္ဒန္တကိတ္တိ

၏

# ထေရုပ္ပတ္တိအကျဉ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၉ ကောဇာ ၁၃၅၇ ဒီဇင်ဘာလ ၁၉၉၅

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌

ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်

(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

၉၂၂
၂၁၁၆၉၉

မကွေးတိုင်း စလင်းမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်

ပဓာန နာယက

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ

အဂ္ဂမဟာပဏ္ဍိတ

# ဆရာတော်ဘဒ္ဒန္တကိတ္တိ

၏

# ဓေရှုပ်ပြတ်ဒ္ဓဘာကျင်း

"သာဓာဝေသာ ယေန ဇာတေန၊
ယာတိ ဝံသော သမုန္နတိံ•"

ဇာတေန၊ သာသနာမှာ ပေါ်ရှိလာသော။ ယေန ယေရေန၊ စလင်းမြို့နေရ မဟာဝိသုတာရာမ၌ ထာဝရ ပျော်ရှင် အကြြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တကိတ္တိ မထေရ်ကြောင့်။ ဝံသော၊ သာသနာ့နွယ်ဝင် လူရှင်အပေါင်း သူတော်ကောင်းဟု မျှားတောင်းစံပြနွယ်ဝံသသည်။ သမုန္နတိံ၊ ရှင်လူအပေါင်း နှစ်ထောင်းအားရ ဂါရဝထား လေးစားစရာ သဒ္ဓါ သီလ စသည်ဖြိုးလျက် တိုးတက် ပြီးပွားခြင်းသို့။ ယာတိ၊ ကောင်းစွာရောက်ရ စွယ်စုံလှလျက် ဖြစ်ရသည့်အင် မျက်မြင်သချာ တွေ့ရပါပြီ။ သ-သော ထေရေ၊ နိုင်ငံပျော်

သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ တံဆိပ်တော်ခံ ကောင်းဂုဏ်ရှိ၍ နာမံထက်မြင့် စန်းပုံတင့်လျက် ထင်ထင်ရှားရှား ထိုဘဒ္ဒန္တကိတ္တိ ဆရာတော်ဘုရားကြီးသည်။ ဇာတော၊ အစစ သာသာလွန်ရှိ တာဝန်တွေမှန်သမျှ မကုန်ရှဲ ကံယသည့် အမျိုးသားတို့ တိုးပွားအောင် ညစ်မစွန်းဘဲ ဖြစ်တွန်းပေါ်ပေါက်တော်မူခဲ့ပါသတည်း။

ဤသို့ နီတိကျမ်းတတ် မိန့်မှာအပ်သည်မှာ မှန်ကန်လှပါသည်။ နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ စလင်းဆရာတော် ဘဒ္ဒန္တကိတ္တိသည် နတ်လူအပေါင်းတို့ ချမ်းသာကြောင်းဖြစ်သော မြတ်စွာဘုရား တည်ထားတော်မူခဲ့သည့် သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့ ပြန့်ပွား ထွန်းကားရေးကို အလေးပေး ဆောင်ရွက်တော်မူခဲ့ပါသည်။ ထေရဝါဒ သာသနာ ခိုင်မြဲစေရေးအတွက် ဂိုဏ်းပေါင်းစုံ သံဃာသူ၏ ညီညွတ်မှုကို ဂရုပြု၍ ကိုယ်စိတ်ပင်ပန်းမှုကို ပဓာနမထား၊ အဓိပတိတရားကို လက်ကိုင်ထားလျက် သယ်ပိုးခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရာ၌ ဆရာတော်ဘုရား၏ အဆိုအမိန့်များသည် တိကျမှန်ကန်၍ တန်ဖိုးရှိ၏။ ရဟန်းပရိသတ် လူပရိသတ် အရပ်ရပ်တို့ကို နှစ်သက်ရွှင်ပျ အားရစေ၏။

တစ်ခါက "သီလ သုတ စွယ်စုံရတဲ့ စလင်းဆရာတော်ဟာ ပြတ်သားရဲရင့်သော အဆိုအမိန့်များကို မြွက်ကြားတော်မူတတ်သည်" ဟူသော ဆရာတော်တစ်ပါး၏ ချီးကျူးသံကို

လည်း ကြားနာရှုးပါသည်။ လောကမေ့ နှစ်ဌာနကို သိမှီ နားလည်တော်မူရန် သင်ကြားနာယူ ကျော်ဖြတ် လှမ်း လျှောက်တော်မူရသည်။ စလင်းဆရာတော်၏ ငယ်ဘဝက လည်း စိတ်ဝင်စားစရာပင် ဖြစ်ပါသည်၊ ဆရာတော်ဖြစ်စဉ်မှာ ဤသို့ဖြစ်ပါသည်။

## ဖွားမြင်တော်မူခြင်း

စလင်းဆရာတော် ဘဒ္ဒန္တကိတ္တိမဟာထေရ်သည် မကွေး တိုင်း၊ မင်းဘူးအခြေခံဒေသ၊ ပွင့်ဖြူမြို့နယ်၊ သူဌေးကုန်းရွာ ခမည်းတော် ဦးဖိုးသန့်၊ မယ်တော် ဒေါ်သင်းဆိုင် တို့၏ သားလှရတနာဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၂၇၄-ခုနှစ်၊ ကဆုန်လဆန်း ၁၄-ရက်၊ တနင်္လာနေ့သူ့အဝင် နံနက် ၂-နာရီ ၂၅-မိနစ် ဖြစ်ပါသည်။ မွေးချင်းသုံးယောက်အနက် အစ်ကို တစ်ယောက်နှင့် နှမငယ် တစ်ယောက်ရှိသ ဖြင့် သားလတ် ဖြစ်ပါသည်။ ငယ်မည်ကို အစ်ကိုကြီး "မောင်ဘဖေး"နှင့် လိုက်ဖက်အောင် "မောင်ဘဌေး"ဟု မှည့်ခေါ်ခဲ့သော်လည်း ကျန်းမာရေးအရ နေ့သင့်နံသင့် "မောင်ကံထင်"ဟု ပြင်ဆင် ခေါ်ဝေါ်ခဲ့ကြပါသည်။

## ရှင်သာမဏေဘဝ

ဆရာတော် လောင်းလျာသည် ၁၃-နှစ်သား အရွယ် ၁၂၈၇-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ပြည်လုံးကျော်ပဝါရဏာ ဂိုဏ်းချုပ် ဆရာတော် ဘဒ္ဒန္တဂန္ဓမာကို ဥပဇ္ဈာယ်ပြု၍

ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ခမည်းတော်
မယ်တော်တို့နှင့် မွေးစားမိခင်ကျောင်းအစ်မကြီး ဒေါ်ဒေါ်ဥ
တို့၏ ပစ္စယာနုဂ္ဂဟတို့ကို ခံယူတော်မူခဲ့ပါသည်။ ဘွဲ့အမည်မှာ
ရှင်ကိတ္တိ ဖြစ်၍ ယနေ့တိုင် ထိုအမည်ဖြင့် ထင်ရှားတော်
မူလျက်ရှိပါသည်။

တောက်မည့်မီးခဲ အရှိန်နှင့်ရဲရဲပင်ဖြစ်သည်။ ဤကြောင့်
ဆရာတော် လောင်းလျာသည့် ကျောင်းသား ဘဝတွင်
ပွင့်ဖူးမို့ ပြည်လုံးကျော်ရှာ လောကဓာတ် ကျောင်းတို့၌
အတန်းပညာတို့ကို ဆည်းပူးတော်မူခဲ့ပါသည်။ မူလတန်း
အလယ်တန်း ပညာတို့ကို သင်ကြား ထက်မြောက်
ခဲ့သည်။ ပထမအရွယ်၊ ငယ်သော်ကတည်း၊ သိပ္ပံခေါင်အား၊
တတ်မြောက်များခဲ့သဖြင့် ပညာရဲရင့် ပွဲလယ်တင်ခဲ့ရပါသည်။
ထို့ပြင် ရှင်သာမဏေအဖြစ်သို့ မရောက်မီကပင် ငယ်ဆရာ
ဖြစ်တော်မူသော လွန်းဘောင်ဘောရ ဆရာတော် ဘဒ္ဒန္တ
သံဝရ ထံ၌ ရှင်သာမဏေတို့ လိုက်နာကျင့်ကြံဖွယ်ရာ အဖြာဖြာ
တို့ကို သင်ကြားခဲ့ရပါသည်။ ပုတီးစိပ်၊ လင်ဆယ်ပါး၊ ဒဏ်
ဆယ်ပါး၊ ခေသိယကျင့်စဉ်တို့ အပြင် ဌာန်၊ ကရိုဏ်း စသည်
ပီပြင်သည့် သရဏဂုံ ရွတ်နည်းတို့ ပါဝင်ပါသည်

ဆရာတော်လောင်းလျာ ရှင်ကိတ္တိသည် ဗေဒင် နက္ခတ်
ပညာတို့ကိုလည်း ဆရာနည်းကျကျ သင်ယူဖူးသည်။ သဒ္ဒါ
သင်္ဂြိုဟ် အခြေခံကျမ်းစာများအပြင် ရူပသိဒ္ဓိ ကို သဒ္ဒနိတ်
ပဒမာလာ၊ စံကျောင်းနိယံတို့နှင့် လည်းကောင်း၊ သင်္ဂြိုဟ်ကို
ဋီကာကျော်နှင့် လည်းကောင်း၊ ကခ်ါ အဋ္ဌကထာကို ဋီကာ

နှင့်လည်းကောင်း တွဲဖက်၍ ဆိုဝါဖြင့် သင်ယူခဲ့ပါသည်။ ညာ၀ါအဖြစ် ဝိထိသက်ရိုးသုံးချက်မှစ၍ ယမိုက်၊ ပဋ္ဌာန်း၊ ဓာတုကထာတို့ကိုလည်း ပြီးစီးအောင် ဆည်းပူးခဲ့ပါသည်။

ရဟန်းတော် စာသင်သားဘဝ

ဆရာတော်လောင်းလျာသည် ၁၂၉၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်၊ သောကြာနေ့ နံနက် ၉-နာရီ ၃၅-မိနစ်တွင် စလင်းမြို့၊ လယ်ပြင်ကျောင်းတိုက်၊ ဂိုဏ်းချုပ်ဆရာတော် မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်- ရဟန်းဒါယကာ, ဒါယိကာမများမှာ စလင်းမြို့ ရွှေကျောင်းကြီး ဒါယကာ, သူကောင်း ဦးပန် ဒေါ်တုတ်အိုတို့၏ သမီး သူကောင်း ဒေါ်ဒေါ်ယ"ဖြစ်ပါသည်။

ရဟန်းတော် အရှင်ကိတ္တိသည် ပညာရှင်နှိုသောက်စို့ရန် ခရီးဆန့်ခဲ့ပါသည်၊ မန္တလေးမြို့ မိုးကောင်း ကျောင်းတိုက် ညောင်ရမ်းဆရာတော် ဘုရားကြီးထံ၌ လည်းကောင်း၊ စကုတိုက်၊ သဒ္ဓမ္မဇောတိကကျောင်း၊ ပထမကျော် လယ်တီ ဦးကောဝိဒထံ၌ လည်းကောင်း ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ဆက်လက် သင်ယူခဲ့ပါသည်။ တစ်ဖန် လယ်တီ ဦးကောဝိဒ မုံရွာမြို့ လယ်တီကျောင်းတိုက်ကြီးသို့ ပြောင်းရွှေ့သောအခါ ရဟန်းတော် အရှင်ကိတ္တိလည်း အတူ လိုက်ပါခဲ့သည်။ ရဟန်းတော်ဘဝ လယ်တီ ပဏ္ဍိတ ဦးမောင်ကြီးထံတွင် ဋီကာကျော်ကို ပရမတ္ထဒီပနီဋီကာနှင့်တွဲဖက်လျက် သင်ယူခဲ့ရပါသည်။ လယ်တီဆရာတော်ဘုရားကြီး၏ မှတ်ချက်ပြု အချက်

အလင်္ကာတို့ကိုလည်း သိသာကောင်းအောင် ရှင်းလင်း ပို့ချမည်ကို နာယူခဲ့ရပါသည်။

ရဟန်းတော် အရှင်ကိတ္တိသည် လယ်တီ ဦးသောဘိတထံတွင် သက္ကတနှင့် ဟိန္ဒူစာပေများအပြင် ရူပသိဒ္ဓိစာကိုယ်နှင့် ဋီကာ၊ ညာသ၊ ပဒမာလာ၊ အလင်္ကာစာကိုယ်နှင့် ဋီကာသစ်ပါရာဇိကဏ်ပါဠိတော် အဋ္ဌကထာ၊ ဝိမတိဋီကာတို့ကိုလည်း ဆိုဝါ၊ လိုက်ဝါများဖြင့် သင်ကြားဆည်းပူးခဲ့ပါသည်။

**လယ်တီ နိကာယ ဂဏဝါစက ပါဠိပထမကျော်**

ရဟန်းတော် အရှင်ကိတ္တိသည် လယ်တီတိုက်ကြီး၌ သီတင်းသုံး၍ လယ်တီနိကာယဂဏဝါစက စာမေးပွဲဝင်ရောက်ဖြေဆိုရာ ပထမရရှိခဲ့ပါသည်။ “လယ်တီနိကာယဂဏဝါစက ပါဠိပထမကျော်”ဟု အသိအမှတ်ပြုကာ လယ်တီတိုက်၌ စာချဘုန်းကြီးအဖြစ် ခန့်အပ်ခြင်းကို ခံတော်မူရပါသည်။

ယင်း လယ်တီနိကာယ ဂဏဝါစကစာမေးပွဲမှာ ထူးခြားချက်များရှိပါသည်။ ဖြေဆိုရသည့် ဘာသာရပ်များမှာ– ၁။ ဝိနယဘာသာ၊ ၂။ သုတ္တန္တဘာသာ၊ ၃။ အဘိဓမ္မာဘာသာ၊ ၄။ ဂန္ထန္တရဘာသာနှင့် ၅။ ပါဠိသံမပါသည့် မြန်မာစကားရေးဖြေနည်း၊ ဓမ္မပဒစသော ပါဠိဘာသာများကို မြန်မာကဗျာများဖြင့် ဖွဲ့ဆိုရေးသားနည်းတို့ ဖြစ်ပါသည်။

ယင်းသို့ဖြေဆိုရာ၌ မြန်မာစကားပြေရေးနည်းနှင့် မြန်မာကဗျာရေးဖွဲ့နည်းတို့မှတပါး အခြားဘာသာများကို ပါဠိ

ဘာသာဖြင့် မေးခွန်းထုတ်၍၊ ပါဠိဘာသာဖြင့်ပင် ဖြေကြား ရပါသည်။ ယင်းစာမေးပွဲကြီးကို တစ်နှစ်ပါတ်ရလျက် အောင်ပန်းဆွတ်လှမ်းနိုင်သော ရဟန်းတော် အရှင်ကိတ္တိ၏ ဉာဏ်ရည်ကို ခန့်မှန်းနိုင်ပါသည်။ အရာရာတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားမှုသည် ရဟန်းတော် အရှင်ကိတ္တိ၏ ဗီဇသတ္တိ ဝါသနာပင်ဖြစ်ပါသည်။ ထို့ကြောင့် လယ်တီကျောင်းတိုက် ကြီး၌ သီတင်းသုံးနေစဉ် လယ်တီ ပါဠိဘာဏီအသင်းကြီး၏ အကျိုးဆောင်တာဝန်ကိုလည်းထမ်းဆောင်တော်မူခဲ့ပါသည်၊ ထိုခေတ်အခါက စာသင်သားလောကတွင် အလွန် ကျော်ကြား ခေတ်စားသောအသင်းကြီး ဖြစ်ပါသည်။

ချိုမြိန်သော ပန်းဝတ်ရည်ကို သောက်စို့လိုသော ပျားပိတုန်းတို့သည် ဝဲယာရှေ့နောက်သို့ ပျံသန်းကြရသည်။ လိုအင်ဆန္ဒ ပြည့်ဝအောင် ပန်းဝတ်ရည်တို့ကို ရှာဖွေစုပ်ယူ ကြရသည်။ ထို့အတူပင် ရဟန်းတော် အရှင်ကိတ္တိ၏ ငယ်စဉ်ကာလ သောတုဇနဘ ဖြင့် ရပ်ပြောင်းရွာရွှေ့ ပညာဝတ်ရည်တို့ကို တွေ့အောင်ရှာဖွေခဲ့ရသည်။ လေ့လာ ဆည်းပူးလိုက်စားခဲ့ရသည်။

ပရိယတ္တိ စာပေလောကတွင် ပခုက္ကူ၊ မန္တလေး နည်း အဖြာဖြာတို့ကား မတတ်လျှင်မပြီး၊ မသိလျှင်မပြည့်စုံသေး ရကား ရဟန်းတော် အရှင်ကိတ္တိသည် ပခုက္ကူမြို့ မဟာ ဝိသုတာရာမတိုက်ကြီးသို့ ပြောင်းရွှေ့ကာ သီတင်းသုံးခဲ့၍၊ ထိုကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ကျေးဇူးရှင် ဆရာတော်ကြီးများနှင့် တိုက်အုပ်ဆရာတော်များ ထံတော်၌

နိကာယ်ငါးရပ် ပိဋကတ်တို့ကို နှံ့စပ်ကျေပွန်အောင် သင်ယူခဲ့ပါသည်။ ထို့ပြင်သိပ္ပပညာတတ်ကောင်းရာသည့် အင်္ဂလိပ်စာ နက္ခတ်ဗေဒင်ပညာ၊ လက္ခဏာနှင့် သဘာဝဓမ္မ တိုင်းရင်းဆေးပညာတို့ကိုလည်း ကောင်းစွာ ဆည်းပူး သင်ကြားခဲ့ပါသည်။ ရဟန်းတော်အရှင်ကိတ္တိကား အဘိပညာ ပရိယတ္တိ သင်ကြားခြင်းဖြင့်သာ ရောင့်ရဲနေသည်မဟုတ်ပါ။ ပဋိပတ္တိဆိုင်ရာ လယ်တီဂုံသအားထုတ်စဉ်ဖြစ်သော သမထဝိပဿနာ လုပ်ငန်းများကိုလည်း အချိန်ရသလောက် ကြိုးကုတ်၍ အားထုတ်ခဲ့ပါသည်။

## စာပေကျမ်းဂန် ပို့ချသင်ကြား ပြုစုတော်မူခြင်း

ဆရာတော် ဘဒ္ဒန္တကိတ္တိသည် ရဟန်းသိက္ခာ(၁၁)ဝါအရတွင် စလင်းမြို့၊ ကိုးဆောင်ဗိမာန်ဘုံသာတိုက်၊ ရွှေကျောင်းကြီး၌ စာသင်သား တပည့်များတို့အား လယ်တီနည်း ပခုက္ကူနည်း မန္တလေးနည်းတို့ဖြင့် စာပေ ပရိယတ်တို့ကို ပို့ချတော်မူခဲ့ပါသည်။ ဆရာတော်သည် ပရိယတ္တိလုပ်ငန်းကို အချိန်ပြည့် တစိုက်မတ်မတ် အားထုတ်တော်မူခဲ့၏။ ဂျပန်ခေတ်စစ်ရေးစစ်ရာများ ရှုပ်ထွေးနေသည့် အချိန်၌ပင် စာပေပို့ချခြင်းကို ဖျက်မခံခဲ့ပါ၊ သာရေးနာရေးနှင့်အလှူအတန်းတို့ကို မလိုက်မူ၍ နေ့ဝါ ညဝါ စာပေများကို တစ်ပါးတည်းနိုင်ခံလျက် ပို့ချတော်မူခဲ့ပါသည်။ ပခုက္ကူနိကာယဂဏဝါစကအဝေးရောက် စာချဘုန်းကြီးအဖြစ်လည်း အသိအမှတ်ပြုခံတော်မူခဲ့ရသည်။ ထို့နောက် စကုတိုက်သို့ ပြောင်းရွှေ့ကာ အဘိဓမ္မာညဝါအကျော်ဘဒ္ဒန္တသီလမဟာထေရ်တို့၏ခြေရင်း၌ သောတုဇနှ စာသင်သားတို့အား ပို့ချတော်မူခဲ့ပါသည်။

ယင်းသို့ပို့ချရင်း ပိနည်းဓိုရ်လက်သုံး စွယ်စုံဖြတ်ထုံးကျမ်း ကို ရေးသားပြုစုတော်မူခဲ့၏။ ယခုအခါ သာသနာတော် အကျိုး ပွားတိုးစေရန် သာသန အာယုကျမ်းကို ရေးသား ဆဲပင် ဖြစ်ပါ၏။

စာသင်တိုက်များ တည်ထောင်ခြင်း

ဆရာတော် ဘဒ္ဒန္တကိတ္တိသည် စလင်းမြို့၌ မဟာဝိသုတာ ရာမကျောင်းတိုက်ကို ဟောဝန်ယူ အုပ်ချုပ်တော်မူပြီး စာပေ များ ပို့ချသင်ကြားတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားသည် ကျေးလက် ဒေသများ၌ သာသနာတော် စည်ပင်မှုကို အစဉ် လိုလားတောင့်တတော်မူ၏၊ ကျေးရွာသူ ကျေးရွာသား လူအများတို့၏ အင်အားသည် သာသနာတော်အတွက် အခြေခံလိုအပ်ချက်ဖြစ်၏၊ ထိုသို့ တွေးခေါ် မြော်မြင်မိသည့် အလျောက် ပွင့်ဖြူမြို့နယ် ရွာခုံကျေးရွာ၌ ခိုင်ဦးရတနာ ကျောင်းတိုက်ကို တည်ထောင်တော်မူခဲ့၏၊ တပည့်ကြီး တစ်ပါးဖြစ်သော အရှင်ဥက္ကဋ္ဌအား အကြီးအမှူးပြုစေလျက် ပရိယတ္တိစာပေများကို သင်ကြားစေခဲ့၏။

ထို့ပြင် ချောက်မြို့၌ စလင်းကျောင်းတိုက်ကို လည်း ကောင်း၊ သံသာရွာပါး ဖွံ့ဖြိုးမှုနည်းပါးသော စေတုတ္တရာ မြို့နယ်တွင် တန့်လယ်ကျင်းရွာ၊ ဗူးရွာ၊ အောင်းရွာ စသော ကျေးရွာများ၌လည်းကောင်း၊ စလင်းမြို့နယ် သရက်ကန် ကျေးရွာ၊ ယစ်ပြင်ကျေးရွာ၊ ကန်ဖျားကျေးရွာ၊ မြေနီ ကျေးရွာတို့၌ လည်းကောင်း သာသနာပြုကျောင်းများ

တည်ထောင်တော်မူခဲ့၏၊ တပည့်ကြီး တပည့်ငယ် အသွယ်သွယ်တို့အား စေလွှတ်၍ သာသနာပြုကိစ္စများကို ဆောင်ရွက်စေခဲ့၏။

သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဝိနယ ဓမ္မ နှစ်ဌာနတို့၌ လိမ္မာကျွမ်းကျင် ဂုဏ်အင်ကြီးမားသည့် အလျောက် အနှယ်နှယ် အရပ်ရပ်မှ မပြီးမပြတ် ဖြစ်နေသော ဝိဝါဒါဓိကရုဏ်း ဝိနိစ္ဆယမှုခင်းများကို မဟာဝိသုတာရာမကျောင်းတိုက်၌ စာပေပို့ချနေရင်း တတ်နိုင်သမျှ ငြိမ်းအေးအောင် ဆောင်ရွက်တော်မူခဲ့ပါသည်၊ မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ်ဝိနိစ္ဆယဌာန တာဝန်ခံ၊ ခရိုင် ဝိနည်းဓိုရ်များအဖြစ်လည်း မညည်းညူ ဆောင်ရွက်တော်မူခဲ့၏။

ထို့ပြင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့၏၊ မြန်မာတစ်နိုင်ငံလုံးရှိ ပြည်နယ် တိုင်းအသီးသီးမှ တက်ရှားကျော်ကြား အကြည်ညိုများသော ဥက္ကဋ္ဌ ဆရာတော်ကြီး (၆၆)ပါးတွင်လည်း ပါဝင်ခဲ့ပါ၏။ ဆရာတော်ဘုရားသည် ဥက္ကဋ္ဌဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံတော်မူရပြီး သိဒ္ဓိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်သို့ ကြွရောက်သီတင်းသုံးခဲ့၏၊ သံဃာ့ အဖွဲ့အစည်းအသီးသီးကို ဖွဲ့စည်းရာတွင် သံဃာသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်ရန် စည်းမျဉ်းစည်းကမ်း ရွေးချယ်ရေးအဖွဲ့၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်၏ သာသနာ့ရေးရာ ဆောင်ရွက်ချက်များ သည် မိုးကြယ်တမျှ များပြား၏၊ ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၃၃) ပါးတွင် အဖွဲ့ဝင်ဆရာတော် တစ်ပါး အဖြစ်ဖြင့် သာသနာရေးအဖွဲ့ငယ်၌ ကြီးမှူးဆောင် ရွက်ခဲ့၏၊ ဂိုဏ်းပြောင်း ဂိုဏ်းလဲ စည်းမျဉ်း ရေးဆွဲရေး အဖွဲ့ ဥက္ကဋ္ဌ၊ ပရိယတ္တိ စာသင်တိုက် သာသနာ့ပြုကျောင်း ပဋိပတ္တိကျောင်းတိုက် စည်းမျဉ်းစည်းကမ်း ရေးဆွဲရေးအဖွဲ့၌ လည်းကောင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး အတွက် ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီးသို့ တင်သွင်းသော သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းနှင့် ဝိနည်းမှုကံအဓိကရုဏ်းမှုခင်း ဖြေရှင်းဆုံးဖြတ် ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်မွမ်းမံရေး အဖွဲ့ငယ်၌ လည်းကောင်း၊ ဥက္ကဋ္ဌ ဆရာတော်ကြီးအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

တစ်ဖန် ဒုတိယအကြိမ် နိုင်ငံတော် သံဃာမဟာနာယက အဖွဲ့ (၄၇) ပါးတွင် အဖွဲ့ဝင် ဆရာတော်တစ်ပါးဖြစ်၍ သာသနာရေးရာ အဖွဲ့ငယ်၌ ဆောင်ရွက်တော်မူခဲ့၏၊ နိုင်ငံ တော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) အတွက် ပါမောက္ခချုပ် ရွေးချယ်ရေးအဖွဲ့၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် တော်မူခြင်း စသော အာဝလီသောသာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးလုပ်ငန်းတို့ကို ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှ တာဝန်ယူ ဆောင်ရွက်တော်မူခဲ့၏။

စလင်းဆရာတော်ဘုရားကြီးသည် သာသနာတော်အတွက် အဘက်ဘက်မှ ဆောင်ရွက်တော်မူ၍၊ အားတက် ကြိုးစား စွမ်းအား အပြည့်ရှိ၏၊ ဤသို့သော အကြောင်းများကြောင့် ဆရာတော်ဘုရားကြီးသည် ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအကြိမ် ဗဟိုသံဃာ့ ဝန်ဆောင်အစည်းအဝေးမှ၍ ဒုတိယဥက္ကဋ္ဌအဖြစ် ယနေ့ တိုင်အောင် ဆောင်ရွက်လျက်ရှိပါသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုး ဆောင်ရွက်တော်မူသော ဆရာတော်ဘဒ္ဒန္တကိတ္တိ အား ၁၃၄၈-ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် သက်တော်ရှည် ဆရာတော် တစ်ပါးအဖြစ်ဖြင့် သာသနာ့တာဝန်များကို မမိုတ်မသုန် ဆောင်ရွက်တော်မူခဲ့၏၊ ဗုဒ္ဓဘာသာ သာသနာတော်အတွက် ပြဋ္ဌာန်းသော သဒ္ဓါ ပညာ စသည့် သူတော်ကောင်းတရား များတိုးပွားအောင် ရည်သန်တော်မူတော်မူသည်။

ဤသို့သာသနာရေးရာ အဖြာဖြာတို့ကို ဆောင်ရွက်တော် မူနေစဉ် စလင်းဆရာတော် ဘဒ္ဒန္တကိတ္တိသည် ၁၃၅၇-ခုနှစ်၊ နတ်တော်လဆန်း (၇)ရက် (၁၉၉၅-ခုနှစ် နိုဝင်ဘာလ (၂၈-ရက်) အင်္ဂါနေ့နနက် ၅-နာရီ ၂၃-မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

နဿနုဓမ္မော နဿတိ၊ ဘိဇ္ဇနုဓမ္မော ဘိဇ္ဇတိ—

ပျက်စီးပြိုကွဲရမည့် သဘောသည် ပျက်စီးပြိုကွဲ၏။ ဤသည်မှာ ဓမ္မနိယာမလမ်းကြောင်းပင် ဖြစ်ပါသည်၊ မလွန်ဆန်နိုင်သည့် အနိစ္စသဘောသို့ ဆရာတော်ဘုရား လိုက်ပါတော်မူရခြင်းဖြစ်၏၊ သို့သော် စလင်းဆရာတော် ပြုစုပျိုးထောင်တော်မူခဲ့သော သာသနာရေးဆိုင်ရာ ကိစ္စအဝဝတို့သည် မဖျက်မစီးနိုင်၊ သာသနာတော်ခေတ်နှင့်အညီ တည်ကျန်နေမည်သာဖြစ်ပါ၏။ ဤသည်ကို သတိပြုလျက် စလင်းဆရာတော် ဘဒ္ဒန္တကိတ္တိ၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာ (၃)ပါး စွမ်းအင်များကို အာရုံပြုလျက် လေးစားကြည်ညိုအပ်ပါသတည်း။

မြန်မာ့အသံမှ အသံလွှင့်ဟောကြားတော်

မူအပ်သော

အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တကိတ္တိမဟာသေရ

၏

# အနတ္တလက္ခဏတရားတော်

၁၃၅၁-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅-ရက် (၂၂-၇-၈၉)

အနတ္တလက္ခဏာ အခါတော်နေ့၌

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ-ဥက္ကဋ္ဌ

စလင်းမြို့၊ မဟာဝိသုတာရာမတိုက် ဆရာတော်

(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တကိတ္တိမဟာသေရီ

မြန်မာ့အသံမှ အသံလွှင့် ဟောကြားတော်မူအပ်သော

# အနတ္တလက္ခဏာ တရားတော်

တရားတော်ကို နာခံမှတ်သားနေကြတဲ့ ဓမ္မပဋိဂ္ဂါဟက ပရိသတ် အပေါင်း သူတော်ကောင်းတို့—

ဒီနေ့ဟာ ၁၃၅၁-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅-ရက်၊ အနတ္တလက္ခဏာ အခါတော်နေ့ ဖြစ်ပါတယ်။ ဘာကြောင့် ဝါဆိုလပြည့်ကျော် ၅-ရက်နေ့ကို အနတ္တလက္ခဏာအခါတော် နေ့လို့ သတ်မှတ်ရသလဲ ဆိုလျှင် ဗုဒ္ဓရှင်တော်မြတ်သည် တရားဦးဖြစ်တဲ့ ဓမ္မစကြာသုတ်ကို မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့်နေ့ ညနေချမ်း ညဉ့်ဦးယံ အချိန်မှာ ဟောတော်မူခဲ့ပါတယ်။ အဲဒီဓမ္မစကြာသုတ်ကို ဟောတော်မူတဲ့ ဝါဆိုလပြည့်နေ့က ပဉ္စဝဂ္ဂီ ရဟန်းတော်ငါးပါးထဲမှ အရှင်ကောဏ္ဍည တစ်ပါးသာ သောတာပန်အရိယာဖြစ် တော်မူပါတယ်။ ကျန် ၄-ပါးကတော့ မဂ်ဖိုလ်တရားထူးကို မရကြ

သေးဘူး။ ဒါ့ကြောင့် အဲဒီလေးပါးကို မြတ်စွာဘုရားက တရားအားထုတ်နိုင်းထားတယ်။ ကမ္မဋ္ဌာန်း အညစ်အကြေး များကိုလဲ သုတ်သင် ရှင်းလင်းပေးတော်မူတယ်။ အဲဒီလို မြတ်စွာဘုရား ကိုယ်တော်တိုင် စောင့်ရှောက်ပြီး ပြုပြင်ပေးတဲ့ အပြင် သူတို့ကိုယ်တိုင်ကလဲ ကြိုးကြိုးစားစား အားထုတ် ကြတဲ့အတွက် အရှင်ဝပ္ပ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှာ သောတာပန်ဖြစ်တယ်။ အရှင်ဘဒ္ဒိယ ဝါဆိုလပြည့်ကျော် ၂-ရက်နေ့မှာ သောတာပန်ဖြစ်တယ်။ အရှင်မဟာနာမ်နှင့် အရှင်အဿဇိတို့က မဂ်ဖိုလ်တရားထူးကို မရကြသေးဘူး။ ဒါ့ကြောင့် မြတ်စွာဘုရားက အရှင်မဟာနာမ်’ အရှင်အဿဇိ တို့ကို ဆွမ်းခံတောင် မသွားစေဘဲ ကျန်သုံးပါးခံတဲ့ ဆွမ်းကို ၆-ပါး မျှဘုဉ်းပေးပြီး မပြတ်မလပ် အားထုတ်ခိုင်းထား တယ်၊ သူတို့၂ပါးက လဲ မပြတ်မလပ်အားထုတ်ကြတဲ့အတွက် အရှင်မဟာနာမ်က ဝါဆိုလပြည့်ကျော် ၃-ရက်နေ့၊ အရှင် အဿဇိက ဝါဆိုလပြည့်ကျော် ၄-ရက်နေ့မှာ သောတာပန် ဖြစ်တော်မူကြတယ်။ ပဉ္စဝဂ္ဂီ ရဟန်းတော် ၅-ပါးလုံး သောတာပန် ဖြစ်ပြီးတဲ့နောက် ဝါဆိုလပြည့်ကျော် ၅-ရက် နေ့မှာ အနတ္တလက္ခဏာသုတ်ကို ဟောတော် မူပါတယ်။ ဒါ့ကြောင့် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့ကို အနတ္တလက္ခဏာ အခါတော်နေ့လို့ သတ်မှတ်ခြင်းဖြစ်ပါတယ်။

ဒီနေ့ဟာ အနတ္တလက္ခဏာ အခါတော်နေ့ဖြစ်သည့်အတွက် အနတ္တ တရားတော်ကိုဘဲ ဟောရပါမယ်။ ‘အနတ္တ’ဆိုတဲ့ ပုဒ်ဟာ‘န’ဆိုတဲ့ပုဒ်နှင့်‘အတ္တ’ ဆိုတဲ့ ပုဒ် နှစ်ပုဒ်ကိုပေါင်းထားတဲ့

ပုဒ်ဖြစ်တယ်၊ 'နု'ဆိုတဲ့ပုဒ်က 'မဟုတ်'ဆိုတဲ့ အနက်ကို ဟော-တယ်။ 'အတ္တ'ဆိုတဲ့ပုဒ်က 'တိတ္ထိတို့ ကြံဆအပ်သော အတ္တ, (ဝါ)အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်'ဆိုတဲ့ အနက်ကို ဟောတယ်။ ဒါ့ကြောင့် "အနတ္တ=တိတ္ထိတို့ ကြံဆအပ်သော အတ္တ မဟုတ်(ဝါ) အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင် မဟုတ်"လို့ အဓိပ္ပာယ်ရတယ်။

အတ္တစွဲပုံကိုမသိလျှင် အနတ္တသင်ပုံကိုလဲ သေသေချာချာ မသိနိုင်ဘူး။ ဒါ့ကြောင့် အတ္တစွဲပုံကို ရှေးဦးစွာ ဟောပြမယ်။ သတ္တဝါတွေဟာ ဘုရားမပွင့်မီ ဟိုရှေးယခင်က စပြီး အတ္တကို ထင်မှတ်စွဲယူလာကြတယ်။ အတ္တစွဲ ရှိကြတဲ့ တတ္တဝါဒီ ပုဂ္ဂိုလ်တွေ ထင်မှတ်စွဲယူတဲ့ အတ္တ ဟာ ဇီဝအတ္တ, ပရမအတ္တ လို့ နှစ်မျိုးရှိတယ်။ အဲဒီနှစ်မျိုးထဲက ဇီဝအတ္တဆိုတာ မြန်မာတွေ ထင်မှတ်နေတဲ့ "အသက်" ဆိုတာပါဘဲ။ အဲဒီ ဇီဝအတ္တကို ပါဠိဘာသာအားဖြင့် "အတ္တာ"လို့ ခေါ်တယ်၊ သက္ကတဘာသာအားဖြင့် "အာတ္မာ"လို့ ခေါ်တယ်။ မြန်မာဘာသာအားဖြင့်တော့ "အသက်ကောင်, လိပ်ပြာကောင် ဝိညာဉ်ကောင်"လို့ ခေါ်တယ်။

အတ္တစွဲရှိတဲ့ ပုဂ္ဂိုလ်တွေဟာ သတ္တဝါတွေရဲ့ ကိုယ်ထဲမှာ အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်ခေါ်တဲ့ အတ္တရှိတယ်လို့ ထင်မှတ်စွဲယူကြတယ်။ သူတို့စွဲယူပုံကတော့ (သာမီ)တဲ့၊ အဲဒီ အတ္တဟာ ခန္ဓာကိုယ်တစ်ကိုယ်လုံးကို အလိုရှိတိုင်း အစိုးရတယ်တဲ့။ (ကာရကော)တဲ့၊ မြင်ခြင်း,ကြားခြင်းစတဲ့ ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ၊ စိတ်အမှုအရာဟူသမျှကို

အဲဒီအသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်ခေါ်တဲ့ အတ္တက ပြုလုပ်နေတယ်တဲ့။ (ဝေဒကော)တဲ့၊ အကောင်း အဆိုး ခံစားစရာရှိသမျှကို အဲဒီအတ္တကပဲ ခံစားနေတယ်တဲ့။ (နိဝါသီ)တဲ့၊ ခန္ဓာအိမ်အဟောင်း ပျက်စီးသွားပေမဲ့ အဲဒီ အသက်ကောင် အတ္တကတော့ မပျက်စီးဘဲ ခန္ဓာအိမ်အသစ် ထဲပြောင်းပြီး အမြဲ တည်နေတယ်တဲ့။ "လောက်လမ်းသဖွယ်၊ ဝိညာဉ်တွယ်တယ်" လို့တောင် ဆိုရိုးရှိသေးတယ်။ ပိုးလောက်လမ်းကလေးဟာ တစ်နေရာမှတစ်နေရာသို့ သွားတဲ့အခါ ရှေ့ခြေထောက်က တွယ်စရာမတွေ့သေးလျှင် နောက်ခြေထောက်က တွယ်စရာကို မလွှတ်သေးဘူး၊ ရှေ့မှာ တွယ်စရာ ရှာနေသေးတယ်။ ရှေ့မှာတွယ်စရာတွေ့တော့မှ ရှေ့ကတွယ်စရာကို ရှေ့ခြေထောက်ဖြင့် တွယ်ပြီး နောက်ခြေက တွယ်စရာကို လွှတ်ကာ ရှေ့ရှေ့ လိုက်သွားတယ်။

အဲဒီလိုဘဲတဲ့ အသက်ကောင်ခေါ်တဲ့အတ္တကလဲ ခန္ဓာသစ် တွယ်စရာ မတွေ့သေးခင် ခန္ဓာဟောင်းကို လုံးလုံး မစွန့် သေးဘဲ ခန္ဓာသစ်ကို ရှာနေသေးသတဲ့။ တွယ်စရာခန္ဓာသစ် တွေ့တော့မှ ခန္ဓာဟောင်းကို လုံးလုံး စွန့်ပြီး ခန္ဓာသစ်ထဲ ပြောင်းသွားတယ်လို့ ထင်ကြတယ်။ အဲဒါဟာ နိဝါသီအတ္တ စွဲပဲ။ (သယံဝသီ)တဲ့၊ ခန္ဓာကိုယ်နှင့် မျက်စိ, နား, နှာ စတဲ့ ဣန္ဒြေတွေကို အတ္တက သူ့အလိုသို့ လိုက်ပါစေနိုင်တယ်တဲ့။ (အဓိဋ္ဌာယကော)တဲ့၊ ခန္ဓာအိမ်ရဲ့ အကြီးအကဲဖြစ်ပြီး ခန္ဓာ အိမ်မှာ စီမံခန့်ခွဲနေတယ်တဲ့။

အဲဒီအတ္တဟာ ပရမာဏုမြူလောက်သာရှိတယ်၊ နှလုံးအိမ်၌ တည်နေတယ်လို့ အချို့ကျမ်းဆရာတို့က ဆိုကြတယ်။ နိဂဏ္ဌနာဋပုတ္တလို့ ထင်ရှားတဲ့ ဂျိမ်းဆရာရဲ့ တပည့်တွေကတော့ အတ္တဟာ ရာဘာမျှော့ကြီးလိုဘဲတဲ့။ ခန္ဓာအိမ် ငယ်လျှင်ငယ်တယ်၊ ခန္ဓာအိမ် ကြီးလျှင်ကြီးတယ်၊ ခန္ဓာအိမ် ပမာဏရှိတယ်လို့ ဆိုကြတယ်။ အချို့ကျမ်းဆရာတွေကတော့ အတ္တဟာ မနှိုင်းယှဉ် မပိုင်းခြားနိုင်လောက်အောင် အလွန်ကြီးမားတယ်တဲ့၊ ဒါပေမဲ့ ခန္ဓာဟောင်း ကိုစွန့်ပြီး ခန္ဓာသစ်ကို ရှာဖွေနေတဲ့ အချိန်မှာတော့ အကြောင်းအားလျော်စွာ လက်မလောက်၊ အပ်နဖားပေါက်တဲ့ စူးဖျားလောက်၊ ဆံချည်ပင်ကို အစိတ်တစ်ရာစိတ် တစ်စိတ်လောက်သာ ရှိတယ်လို့ ဆိုကြတယ်၊ အချို့က အတ္တဟာ တစ်ခုထဲဘဲတဲ့။ ခန္ဓာကိုယ်တစ်ခု အတ္တတစ်ခု မဟုတ်ဘူးလို့ ဆိုကြတယ်။ အချို့ကတော့လဲ အတ္တဟာတစ်ခုထဲမဟုတ်ဘူး၊ ခန္ဓာအိမ်တစ်ခု အတ္တတစ်ခု ကွဲပြားတယ်လို့ ဆိုကြတယ်။

အဲဒီအတ္တက ဘယ်နေရာမှာ တည်နေသလဲဆိုလျှင် သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်မှာ မအူပန်းရဲ့ ဝတ်မှုံအမျှင်ကလေးတွေလို ထွက်သွားကြတဲ့ အကြောပေါင်း ၇၂၀၀၀-ရှိသတဲ့၊ ဒီ့ပြင် အကြောမကြီးသုံးခုလဲ ရှိသေးသတဲ့၊ အကြောမကြီးသုံးခုထဲက အကြောမကြီး နှစ်ခုဟာ နှလုံးသားရဲ့ လက်ဝဲလက်ယာ တစ်ဖက်တစ်ချက်မှ အထက်သို့တက်သွားပြီး နှာခေါင်းပေါက်နှင့် စပ်နေကြတယ်တဲ့။ အသက်ရှူတဲ့အခါ ထွက်သက်ဝင်သက်တို့ရဲ့ သွားရာလာရာ လမ်းကြောင်းဖြစ်ကြတယ်တဲ့။ ကျန်တဲ့

အကြောမကြီးတင်ခုကတော့ ဟုတ်တောင်ဝေးလို့အထက်သို့ တည့်တည့်မတ်မတ်တက်သွားပြီး ဦးခေါင်းမှာရှိတဲ့ "ဗြဟ္မရန္ဓ" ခေါ်တဲ့ အပေါက်သို့ ရောက်သွားတယ်တဲ့။ (အဲဒီအပေါက်ဖြင့် ထွက်သွားတဲ့ အတ္တဟာ ဗြဟ္မာ့ပြည် ရောက်တယ်လို့ သူတို့က အယူရှိကြတယ်။) အဲဒီ အကြောမကြီးသုံးခုတို့ရဲ့ အလယ်မှာ လရောင်လို အရောင်ဝန်းရှိတယ်။ အဲဒီ အရောင်ဝန်းရဲ့အလယ်မှာ အတ္တဟာ လေငြိမ်ရာမှာ ထွန်းထားတဲ့ ဆီမီးလို မတုန်မလှုပ် တောက်ပလျက်တည်နေတယ်တဲ့။ အဲဒါကိုသိတဲ့သူဟာ နောက်ထပ်တစ်ဖန် ပဋိသန္ဓေမနေရတော့ဘူးလို့ ဆိုကြတယ်။ ယခုဟောခဲ့တာတွေဟာ ဇီဝအတ္တ စွဲပုံတွေပါဘဲ။

ပရမအတ္တစွဲပုံက ဘယ်လိုလဲဆိုလျှင် သတ္တဝါတွေနှင့်တကွ ကမ္ဘာလောကကြီးကို ဘုရားသခင်က ဖန်ဆင်းတယ်လို့ အယူရှိတဲ့ ပုဂ္ဂိုလ်တွေကို ဣဿရနိမ္မာနဝါဒီ ပုဂ္ဂိုလ်ခေါ်တယ်။ အဲဒီပုဂ္ဂိုလ်တွေ ယူဆထားတဲ့ သတ္တဝါတွေနှင့်တကွ ကမ္ဘာလောကကြီးကို ဖန်ဆင်းတဲ့ ဘုရားသခင်ဆိုတာဟာ ပရမအတ္တဘဲ။ အဲဒီပရမအတ္တကို ပါဠိဘာသာအားဖြင့် "ဣဿရ" လို့ခေါ်တယ်။ "ပရမိဿရ" "ပရမတ္တာ" လို့လဲခေါ်တယ်။ သက္ကတဘာသာ, ဟိန္ဒီဘာသာအားဖြင့် "ဤရွရ" လို့ခေါ်တယ်။ "ပရမေရွရ" လို့လဲခေါ်တယ်၊ "ပရမာတ္မာ" လို့လဲ ခေါ်တယ်။ ပရမအတ္တဟာ အလုံးစုံသော လောကကို အစိုးရတယ်၊ အရာခပ်သိမ်းကို သိမြင်နိုင်တယ်၊ ပြိုင်ဖက်ကင်း ပျောက် တစ်ယောက်ထဲသာ ရှိတယ်၊ သတ္တဝါတွေခံစားရမြဲ

ဖြစ်တဲ့ ချမ်းသာဆင်းရဲမကင်းလွတ်နေတယ်၊ တစ်လောကလုံး
ကို ပြန့်နှံ့ပြီးတည်နေတယ်လို့ သူတို့က ယူဆကြတယ်။ အချို့က
ကောင်းကင်ဘုံမှာတည်နေတယ်လို့ ယူဆပြောဆိုကြတယ်။
သတ္တဝါတွေနှင့်တကွ ကမ္ဘာလောကကြီးကို သူက ဖန်ဆင်း
တယ်တဲ့။ အသက်, လိပ်ပြာ, ဝိညာဉ်ကောင်ခေါ်တဲ့ ဇီဝ
အတ္တကိုလဲ ဒီဘုရားသခင်ခေါ်တဲ့ ပရမအတ္တက ဖန်ဆင်းထား
တယ်တဲ့။ အချို့ကတော့ ပရမအတ္တကြီးက ကွဲထွက်လာတဲ့
အတ္တအသေးကလေးတွေကို ဇီဝအတ္တခေါ်တယ်လို့လဲ ပြော
ကြသေးတယ်။ သီလက္ခန်ပါဠိတော် ကေဝဋ္ဋသုတ္တဝါဒကို
ဟောပြတဲ့ ဘုရားရှင်စကားတော်အရ ဆိုလျှင်တော့ သတ္တဝါ
တွေကို ဖန်ဆင်းနိုင်တဲ့ ကောင်းကင်ဘုံမှာ အမြဲတည်နေတဲ့
ဘုရားသခင်ဆိုတာဟာ ကမ္ဘာဦးက ပဌမဈာန် ဘုံမှာ
ရှေးဦးစွာဖြစ်တဲ့ဗြဟ္မာကြီးပါဘဲ။ အဲဒီဗြဟ္မာကြီးကို သူတို့က
ပရမအတ္တလို့ စွဲနေကြတာပါ။ ယခုပြောခဲ့ပြီးတဲ့ ဇီဝအတ္တ,
ပရမအတ္တဆိုတာတွေဟာ အဟုတ်တကယ် ရှိတာတွေ မဟုတ်
ပါဘူး။ တွေးတောကြံစည်ပြီး ယူဆထားတဲ့ အယူစွဲမျှပါဘဲ။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးသာ
ပရမတ္ထအားဖြင့် အဟုတ်တကယ်ရှိတယ်၊ အဲဒီခန္ဓာငါးပါးကို
အမှန်အတိုင်းမသိဘဲ အတ္တလို့ ထင်မှတ်စွဲယူနေတာဖြစ်တယ်။
အချို့က ရုပ်ကို အတ္တလို့ထင်မှတ်စွဲယူတယ်။ အချို့ကတော့
ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တစ်မျိုးမျိုးကို အတ္တလို့
ထင်မှတ်စွဲယူတယ်။ စွဲယူပုံ အခြင်းအရာကလဲ တစ်ဦးနှင့်

ထင်ဦး မတူကြဘူး၊ ခန္ဓာတစ်ပါးတစ်ပါးမှာ စွဲယူပုံအခြင်း အရာက လေးပါးစီပြားတယ်။ ၁ ခန္ဓာ ငါး ပါး မှာ ဆိုတော့ ၄×၅=၂၀-ဖြစ်တယ်။

ဘယ်လိုလဲဆိုလျှင် ဆီမီးတောက်နှင့် အလင်းရောင်ဟာ တခြားစီ ဖြစ်သော်လည်း အချို့ကအတူတူထင်ပြီး ဆီမီး တောက်သည်ပင် အလင်းရောင်ဘဲလို့ထင်မှတ်စွဲယူသလို ရုပ်ကို ပင်အတ္တလို့ ထင်မှတ်စွဲယူကြတယ်။ အချို့ကတော့ အရိပ်ရှိတဲ့ သစ်ပင်ဆိုသလို ရုပ်ရှိတဲ့အတ္တလို့ထင်မှတ်စွဲယူကြတယ်။ အချို့ က ပန်းပွင့်မှာ အနံ့ကတည်နေသလို အတ္တမှာရုပ်ကတည်နေ တယ်လို့ ထင်မှတ်စွဲယူကြတယ်။ အချို့က သေတ္တာထဲမှာ ပတ္တမြားတည်နေသလို ရုပ်မှာ အတ္တ က တည်နေတယ်လို့ ထင်မှတ်စွဲယူကြတယ်။ ဒါဟာ ရုပက္ခန္ဓာမှာ အတ္တဟုထင်မှတ် စွဲယူပုံလေးမျိုးပါဘဲ။ ဝေဒနာသည်ပင်အတ္တ၊ ဝေဒနာရှိသော အတ္တ၊ အတ္တ၌ဝေဒနာ၊ ဝေဒနာ၌အတ္တလို့ ဝေဒနာက္ခန္ဓာ၌ အတ္တစွဲပုံ လေးမျိုး။ ယို့အတူ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၌လဲ လေးမျိုးစီပေါင်းလိုက်တော့ သက္ကာယ ဒိဋ္ဌိခေါ်တဲ့ အတ္တဒိဋ္ဌိ ၂၀-ဖြစ်တယ်။ ယခုလို အတ္တစွဲပုံကို ကျကျနန အသေးစိတ်ခွဲခြားပြီး ဟောတော်တော့ အနတ္တ သဘောကို ရှင်းရှင်းလင်းလင်း သိစေချင်လို့ပါဘဲ။

ဗုဒ္ဓဘာသာဝင်တွေလဲ သောတာပန်မဖြစ်သေးလျှင်တော့ အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်ရှိနေတယ်လို့ ထင်မှတ်စွဲယူနေကြတာဘဲ။ သေသွားတဲ့အခါ အသက်က

ပါးစပ်ကထွက်သွားသလိုလို၊ နှာခေါင်းပေါက်ကထွက်သွားသလိုလို ထင်နေတတ်ကြတယ်၊ ဒီဘဝက ထွက်သွားပြီး နောက်ဘဝမှာ မိခင်ဝမ်းထဲဝင်သွားသလိုလို ထင်ကြတာဘဲ။ မွေးဖွားလာတော့လဲ မွေးသည့်မှ သေသည်အထိ အသက်ကောင်က တဆက်ထဲတည်နေသလို ထင်နေတတ်ကြတယ်။ အဲဒီလို ထင်တာတွေဟာ သက္ကာယဒိဋ္ဌိ=အတ္တဒိဋ္ဌိချည်းပါဘဲ။ ဒီအတ္တဒိဋ္ဌိက ပုထုဇဉ်တွေမှာ လုံးလုံးကင်းတယ်လို့ မရှိဘူး။ အဘိဓမ္မာလေ့လာဘူးလို့ ရုပ်နာမ်ဆိုင်ရာ သုတရှိသူမှာတော့ အတ္တစွဲက အားနည်းတာပေါ့။ လုံးလုံးကင်းနေတာတော့ မဟုတ်ဘူး။ ကြံစည်နေတာ၊ ပြောဆို လုပ်ကိုင်နေတာ၊ အကောင်းအဆိုးခံစားနေတာတွေကိုငါကောင်အနေ အသက်ကောင်အနေနဲ့ထင်မှတ်စွဲယူမှု ရှိနေတာဘဲ။ ဝိပဿနာရှုနေသူမှာလဲ ဝိပဿနာဉာဏ် ထက်ထက်သန်သန် ဖြစ်နေတဲ့အခိုက်မှာတော့ "ရုပ်နာမ်မျှဘဲ၊ အတ္တဆိုတာ မရှိဘူး" လို့သိနေတယ်။ အဲဒီအခါမှာ အတ္တစွဲ ကင်းနေတယ်၊ ဒါပေမဲ့ ဝိပဿနာမရှုဘဲနေတဲ့အခါမှာတော့ အတ္တစွဲကဖြစ်မြဲဖြစ်တာဘဲ။

အဲဒီ့လို မိမိသန္တာန်က ခန္ဓာငါးပါးကိုရော၊ သူတစ်ပါးသန္တာန်က ခန္ဓာငါးပါးကိုရော အတ္တကောင်= အသက်= လိပ်ပြာ=ဝိညာဉ်ကောင်လို့ အထင်အမြင်မှားပြီး စွဲယူနေကြတဲ့အတွက် အတ္တမဟုတ်ကြောင်း၊ အသက်= လိပ်ပြာ= ဝိညာဉ်ကောင်မဟုတ်ကြောင်းကို ထင်ထင်ရှားရှားသိကြရလေအောင် ဗုဒ္ဓရှင်တော်မြတ်ဘုရားက—

ရူပံ ဘိက္ခဝေ အနတ္တာ။ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ—

စသည်ဖြင့် အနတ္တလက္ခဏသုတ်တော်ကို ထုတ်ဖော်ဟော ကြားတော်မူပါတယ်။ အချိန်ကိုငဲ့ရတဲ့အတွက် ခန္ဓာငါးပါး လုံးကို ပေါင်းပြီး အတိုချုပ် ဘာသာပြန်ပြပါမယ်။

ရဟန်းတို့၊ ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဉ်သည် အတ္တမဟုတ်၊ အကယ်၍ အတ္တဟုတ်ပါမူ ဤရုပ်,ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဉ်သည် နှိပ်စက်ခြင်းငှာမဖြစ်တန်လေရာ။ (မနှိပ်စက်တန်လေရာ)။ ငါ၏ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည် ဤသို့ဤပုံ အကောင်းချည်းဖြစ်ပါစေ၊ ဤသို့ ဤပုံ ဆိုးဆိုးဝါးဝါး မဖြစ်ပါစေနဲ့လို့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဉ်တို့ အပေါ်မှာ စီမံလို့လဲ ရလေရာ၏။ ရဟန်းတို့ အမှန်မှာ ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည်အတ္တ မဟုတ်ပေ။ အတ္တမဟုတ်ခြင်းကြောင့်ပင် ဤရုပ်, ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဉ်သည် နှိပ်စက်ခြင်းငှာ ဖြစ်ခဲ့လေသည် (နှိပ်စက်ခဲ့လေသည်)။ ငါ၏ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဉ်သည် ဤသို့ဤပုံ အကောင်းချည်းဖြစ်ပါစေ၊ ဤသို့ ဤပုံ ဆိုးဆိုးဝါးဝါးမဖြစ်ပါစေနဲ့လို့ ရုပ်,ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဉ်တို့အပေါ်မှာ စီမံလို့မရဘဲရှိလေသည်။

ရဟန်းတို့ ငါဘုရားမေးသည့်အချက်ကို သယ်လိုသဘော ရကြသလဲ၊ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ်ဟာမြဲသလား

မမြဲဘူးလားလို့ မေးတော်မူတယ်။ မမြဲပါဘုရားလို့ ဖြေကြတယ်၊ မမြဲတာဟာ ဆင်းရဲသလား၊ ချမ်းသာလားလို့မေးတော့ ဆင်းရဲပါဘုရားလို့ ဖြေကြတယ်။ မမြဲ, ဆင်းရဲ, ဖောက်လွဲဖောက်ပြန်ဖြစ်တဲ့ တရားကို "ငါ့ဟာဘဲ၊ ငါဘဲ၊ ငါ့ရဲ့အတ္တာဘဲ" လို့ ရှုမြင်ဖို့ရန်သင့်ပါ့မလားလို့ မေးတော့ မသင့်ပါဘုရားလို့ ဖြေကြတာပေါ့။

ဒီတော့ ဘုရားရှင်က ရုပ်နာမ်တို့-မမြဲ, ဆင်းရဲ, ဖောက်လွဲဖောက်ပြန်တတ်တဲ့တရားကို ငါ့ဟာဘဲ၊ ငါဘဲ၊ ငါ့ရဲ့အတ္တာဘဲလို့ ရှုမြင်ဖို့ရန် မသင့်တဲ့ အတွက်ကြောင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ဧ တွင်း, အပ, အကြမ်း, အနု, အယုတ်, အညွန့်, အဝေး, အနီးဖြစ်တဲ့ ဒီရုပ်, ဝေဒနာ၊ သညာ, သင်္ခါရ, ဝိညာဉ်ကို ဒါငါ့ဟာ မဟုတ်၊ ဒါငါမဟုတ်၊ ဒါငါ့ရဲ့အတ္တမဟုတ်လို့ ကြည့်ရှုနည်းဟုတ်မှန်တဲ့အတိုင်း ဝိပဿနာ ဉာဏ်ပညာဖြင့် ရှုရမယ်လို့ ဝိပဿနာ ရှုပုံရှုနည်းကို ဟောတော်မူပါတယ်။ ဒါ့ကြောင့် ဝိပဿနာ ရှုလိုလျှင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးကို ဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်လာတိုင်း ရှုရမယ်။ လူတစ်ယောက်ကို လူကောင်းလား လူဆိုးလား၊ လူရိုးလား လူလိမ် လူကောက်လား သိချင်လျှင် သူ့ကို အလစ်မပေးဘဲ သူသွားတာ, လာတာ၊ နေတာ, ထိုင်တာ၊ လုပ်တာ, ကိုင်တာ၊ ပြောတာ, ဆိုတာတွေကို အမြဲ ကျန်ရအောင် အမြဲတန်းလိုက်ပြီး စုံထောက်နေရတယ်။ အဲဒီလို အမြဲတန်းလိုက်ပြီး စုံထောက်နေလျှင် သူ့ရဲ့သဘောမှန်ဟာ ပေါ်လာတာဘဲ။ ဒီတော့ လူကောင်း, လူဆိုး၊ လူရိုး, လူလိမ်ဆိုတာ ကွဲကွဲပြားပြား သိရတာပေါ့။ အဲဒီဥပမာ

အတိုင်းဘဲ ခန္ဓာငါးပါးရဲ့ သဘောမှန်ကို သိချင်လျှင် ခန္ဓာငါးပါးကို ဖြစ်တိုင်း ပျက်တိုင်း မလစ်အောင် ရှုမှတ်နေရတယ်၊ ဒီတော့မှ နာမ်နှင့်ရုပ်ကွဲပြီး သိတယ်။ အကြောင်းအကျိုး ဆက်ပြီးဖြစ်နေတာကို သိတယ်။ မမြဲ ဆင်းရဲ သဘောဓမ္မ သက်သက်မျှဘဲလို့ သိတယ်။ အဲဒီလိုသိတော့ ခန္ဓာငါးပါးကို "ဒါ ငါ့ဟာဘဲလို့ တဏှာဖြင့်လဲ မစွဲယူတော့ဘူး။ ဒါငါဘဲလို့မာနဖြင့်လဲ မစွဲယူတော့ဘူး။ "ဒါငါ့ရဲ့အတ္တဘဲ၊ အသက်ကောင်, လိပ်ပြာကောင်, ပုဂ္ဂိုလ်ကောင်ဘဲ" လို့ ဒိဋ္ဌိဖြင့်လဲ မစွဲယူတော့ဘူး။ အဲဒီလို အစွဲပြုတ်သွားအောင် ဝိပဿနာ ရှုရတာဖြစ်တယ်။

အဲဒီနောက် ဘုရားရှင်ကရဟန်းတို့ ဤသို့ဤပုံရှုမြင်သော ပုဂ္ဂိုလ်သည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့အပေါ်မှာ ငြီးငွေ့လေတော့၏။ ငြီးငွေ့သူသည် တပ်မက်မှုကင်း၏ (အရိယမဂ်ဖြစ်၏)။ တပ်မက်မှု ကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ လွတ်မြောက်လျှင် လွတ်မြောက်၏ဟု သိသော ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏။ ပဋိသန္ဓေ နေမှုကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဘွယ်ကိစ္စကို ပြုပြီးပြီ၊ ဤအရိယမဂ်အကျိုးငှါ အခြားပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိလေတော့သည်လို့ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်သွားပုံကို ဟောတော်မူပါတယ်။

ဤအနတ္တလက္ခဏာသုတ်ကို ဟောပြလိုက်တဲ့အခါ ပဉ္စဝဂ္ဂီ ရဟန်းတော် ငါးပါးလုံး အာသဝေါကုန်ခန်း ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်သွားကြတယ်။

ဤအနတ္တလက္ခဏသုတ်ဒေသနာတော်ကိုနာကြားကြရတဲ့ ကုသိုလ်ကံစေတနာတို့ကြောင့် ဓမ္မပဋိဂ္ဂါဟက သူတော်စင် အပေါင်းတို့သည် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနတ္တထင်မြင် အောင်ဆင်ခြင်ရှုပွားလျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြ ပြီးလျှင်အနုပါဒိသေသနိဗ္ဗာန် ဝင်စံနိုင်ကြပါစေကုန်သတည်း။

သံဃာတော်အရှင်မြတ်တို့ဘုရား—ဤယနေ့သည် အနတ္တလက္ခဏအခါတော်နေ့ ဖြစ်သည် အားလျော်စွာ လွန်ခဲ့တဲ့ ၂၅၇၈-နှစ်မြောက်၊ ဝါဆိုလပြည့်ကျော် ၅-ရက်နေ့က အနတ္တလက္ခဏသုတ်တော်ကို ထုတ်ဖော် ဟောကြားတော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရားကို အာရုံပြုကာ ပူဇော်သောအားဖြင့် အနတ္တလက္ခဏ သုတ်တော်ကို ပီပြင်ပြတ်သား ရွတ်ပွား သရဇ္ဈာယ်ကြပါကုန်စို့ အရှင်မြတ်တို့ဘုရား။

စ-မှ-သ-ဒ- (၁၁၆) ၁-၁၂-၉၅ (၁၀၀၀) အုပ်

အဂ္ဂမဟာပဏ္ဍိတ

## ဘဒ္ဒန္တကိတ္တိ မဟာထေရ်

၏

# အနတ္တလက္ခဏာ တရားတော်

ကောက်နုတ်ချက်

သေသွားတဲ့အခါ အသက်က ပါးစပ်ထဲက ထွက်သွားသလိုလို၊ နှာခေါင်းပေါက်က ထွက်သွားသလိုလို ထင်နေကြတယ်၊ ဒီဘဝက ထွက်သွားပြီး နောက်ဘဝမှာ မိခင်ဝမ်းထဲ ဝင်သွားသလိုလို ထင်နေကြတာဘဲ။